www.burmeseclassic.com

BURMESE CLASSIC .com

ဒေါက်တာအရှင်ဓမ္မပိယ (ပါဠိမဟာကွ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

# ပန်းမသီနိုင်တဲ့ ကြိုး

www.burmeseclassic.com

www.burmeseclassic.com

# ပန်းမသိနိုင်တဲ့ဂြိုး

ဒေါက်တာအရှင်ဓမ္မပီယ (USA)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ ပန်းမသိနိုင်တဲ့ကြိုး ၆

၂။ စုံပုဝါ ဘယ်ညာချပါလို့ ၂၈

## ပန်းမသိနိုင်တဲ့ကြိုး

စာမရေးဖြစ်တာ အတော်ကြာသွားပြီ။ အကြောင်းကတော့ မယ်မယ်ရရမရှိ။ ရေးချင်စိတ်တွေ မရှိလို့ မရေးဖြစ်တာပါ။ ဒါပေမဲ့ အခုတလော စာရေးချင်စိတ်တွေ ပြန်ဖြစ်ပေါ်လာတယ်။ ပညာရေးနှင့် ပတ်သက်တဲ့အတွေး၊ ယုံကြည်မှုနဲ့ ပတ်သက်တဲ့ ခံယူချက်တွေကို ပြောပြချင်လို့ပါ။ စာပေပညာရှင်တစ်ဦး မဟုတ်လေတော့ ဘယ်သူကို ဘယ်လိုပြောမလဲဆိုတဲ့အတွေးက ဆင့်ကဲဖြစ်ပေါ်လာပြန်တယ်။ ဘာပဲဖြစ်ဖြစ် ပြောချင်တာကိုတော့ ပြောပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တဲ့ အကြောင်းအရာက တခြားတော့မဟုတ်ဘူး။ မိမိဖြတ်သန်းနေတဲ့ ဘဝတစ်ခုရဲ့ အချိုးအကွေ့တိုင်းမှာ မမျှတမှုတွေ၊ နိုင်ထက်စီးနင်းပြုမှုတွေ၊ အားနည်းချက်တွေ၊ အားသာချက်တွေနဲ့ ပြည့်လျှမ်းနေတဲ့ ဤ လူ့ဘောင် လူ့လောကကြီးထဲမှာ နေစဉ် ဖြစ်ပျက်နေတဲ့ အခြေအနေတွေ။ ဒီဘဝအဖုံဖုံကို ပညာရေး (Academic) ရှုထောင့်ကနေကြည့်ပြီး အမည်နာမတပ်ပြရမယ်ဆိုရင်တော့ Sociology လို့ ခေါ်ရမှာပါ။

Sociology ဆိုတာ လူမှုဆက်ဆံရေးနဲ့ လူမှုဘဝ အထွေထွေကို လေ့လာတဲ့ပညာရပ်တစ်ခုပါ။ တစ်ချို့ကြတော့ ဒါထက်ပိုပြီး အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုကြပြန်တယ်။

Sociology ဆိုတာ လူမှုအသင်းအဖွဲ့တွေ၊ ယဉ်ကျေးမှု အထွေထွေနှင့် လူမျိုးစုအသီးသီးရဲ့အမူအယာ၊ အလေ့ အကျင့်တွေကို



လေ့လာတဲ့ပညာရပ်တစ်ခုတဲ့။ (Sociology is the study of societies, cultures, and different groups of people's behaviors).

ဒီတော့ လူ့ဘဝတစ်ခုရဲ့ အကြောင်းအရာများကို ပွင့်ပွင့်လင်းလင်း ပြောလိုကြတယ်ဆိုရင် မှားခြင်း၊ မှန်ခြင်းကို အခြေခံပြုပြီး ပြောလေ့ပြောထရှိတဲ့ အက်သစ်က်စ် ( Ethics ကိုယ့်ကျင့်သိက္ခာနှင့်ဆိုင်သော ပညာရပ် သို့မဟုတ် ပြည်သူ့နီတိ) ရှုထောင့် ကို အခြေမခံဘဲ၊ ဆိုရှယ်ရှုထောင့်ကနေ ပြောမှ ဘဝအဓိပ္ပါယ်ကို ပိုပြီးထင်ဟပ်စေတယ်၊ ပွင့်လင်း နိုင်တယ်လို့ စာရေးသူ ယူဆမိတယ်။

ပြောရတဲ့ အချက်အလက်တွေမှာလည်း ပိုပြီး ပေါ့ပါးသွက်လက်တယ်လို့ ထင်မိတယ်။ မှားခြင်း၊ မှန်ခြင်းကို ခါးတောင်းကြိုက်ပြီး ပြောနေမဲ့အစား၊ ဘဝတစ်ခုရဲ့ အားနည်းချက်၊ အားသာချက်တွေကို အခြေခံထားပြီး ပြောရတာမျိုးက တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက် ပိုမိုနားလည်မှုပေးနိုင်ပြီး၊ အများစု လက်ခံနိုင်မဲ့ အခြေအနေကိုလည်း ပိုမိုပြီး ထင်ဟပ်စေတယ်။

ဦးစွာပထမ Ethics ရှုထောင့်ကို အခြေခံပြီး နဲနဲပြောမယ်။ လူရယ်လို့ ဖြစ်လာရင် အမှားမပြုဘူးသူဆိုတာ ဤကမ္ဘာလောကမှာ (ဘုရား ရဟန္တာများမှ လွဲရင်) မရှိနိုင်ဘူး။ ဖီလိုဆိုဖာတွေရဲ့ အတွေးလေးတစ်ခုကို လက်ဆင့်ကမ်း တင်ပြချင်တယ်။

"ဗီဒီယို၊ ကင်မရာများဖြင့် လူတစ်ယောက်ရဲ့ သွားလာလှုပ်ရှားမှု အမူအယာ အားလုံးကို ရိုက်ကူးပြီး တင်ပြနိုင်သလို၊ လူတစ်ယောက်ရဲ့ စိတ်အမူအယာအားလုံးကို ဗီဒီယို၊ ကင်မရာများဖြင့် အလားတူ ရိုက်ကူးပြီး၊ တင်ပြလို့ ရနိုင်ကောင်းမယ်ဆိုရင် လောကမှာ သူတော်ကောင်းဆိုတာ ရှာမှရှားမယ်"တဲ့။ ဒါကတော့ Ethics ရှုထောင့်ကနေ ကြည့်ပြီး ပြောခြင်းပါ။



လောကကြီးထဲမှာ နေကြတဲ့ လူတိုင်း လူတိုင်းမှာ မှားစရာအကြောင်းတွေက အများကြီး ရှိနေတယ်။ ဒေါသကြောင့်လည်း မှားတတ်တယ်။ မာနကြောင့်လည်း မှားတတ်တယ်၊ မောဟကြောင့်လည်း မှားတတ်တယ်။ ဣဿာ မစ္ဆရိယ (မနာလိုစိတ်၊ ဝန်တိုစိတ်)တို့ကြောင့်လည်း မှားတတ်တယ်။ မှားနိုင်စရာအကြောင်းတွေက အများကြီး။

ဒါကို ပုံကြီးချဲ့ပြီး၊ သူတစ်ပါးရဲ့ အမှားတွေကိုချည်း အကြောင်းမရှိပဲ ပြောနေမယ်ဆိုရင် အဲဒီလူဟာ သူကိုယ်တိုင်ပြုနေတဲ့ အမှားတွေကို ကြိုတင်ကာကွယ်နေသူတစ်ယောက် ဖြစ်နေတတ်ပါတယ်တဲ့။ စဉ်းစားဆင်ခြင်နိုင်ဖို့ပါ။

ပညာခေ၊ ရာထူးဂုဏ်သိန်၊ ရုပ်ရည်အဆင်းစတဲ့ အရည်အချင်းမျိုးတွေကို ပိုင်ဆိုင်ထားပြီး မျိုးဟာလည်း (သတိမထားဘူးဆိုရင်) မှားနိုင်စရာအကြောင်းတရားတွေ ဖြစ်တယ်။ လူရယ်လို့ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြပြီဆိုရင် ဝမ်းသာချင်တာ၊ ပျော်ရွှင်ချင်တာ၊ ချမ်းသာချင်တာတို့ ဆိုတာတွေဟာ လူတိုင်းနီးနီး မျှော်လင့်ထားတဲ့ တောင့်တခြင်းမျိုးပါ။

လူ့ဘဝဆိုတာ ပန်းသီတဲ့ ကြိုးလိုပဲ။ ကြိုးဟာ ကြိုးချည်းသက်သက်ဆိုရင် တန်ဖိုးမထိုက်လှပေမဲ့ ကြိုးမှာ ပန်းသီထားနိုင်ပြီဆိုရင်တော့ ပိုပြီး တင့်တယ်လာတယ်။ ပိုပြီး တန်ဖိုးတက်လာတယ်။ လူအများကလည်း ပိုပြီး နှစ်ခြိုက်လာတယ်။ ပိုပြီး သဘောကျလာတယ်။ ဒါဟာ သဘာဝတရားပဲ။

ဒီသဘော၊ ဒီသဘာဝတရားတွေကို ဆင်ခြင်ကြည့်မိတော့ ပန်းမသီနိုင်တဲ့ ကြိုးလေးတွေရဲ့ ဘဝကို စာနာမိပြန်တယ်။ လူ့ဘဝမှာ ပညာဥစ္စာဓနများ မမျှမတတွေ ဖြစ်နေကြရတာဟာ ကံခေသူတို့ရဲ့ ကံကြမ္မာကြောင့်လား။ (သို့မဟုတ်) မျှတဲ့စိတ် မရှိတဲ့ လူသားတွေရဲ့ ကျင့်ထုံးကြောင့်လား။ ဝေခွဲဖို့ ခက်လှပါဘိ။



ပန်းဆိုတာ ကြိုးကိုမှီပြီး သီရပေမဲ့ ကြိုးရဲ့ တန်ဖိုးကို မြင့်တက်စေတယ်။ ပညာဆိုတဲ့အရာဟာလည်း လူကိုမှီပြီး ဖြစ်ပေါ်လာရပေမဲ့ လူသား တစ်ယောက်ရဲ့တန်ဘိုးကို မြင့်တက်စေတယ်။ တကယ်တော့ "စိန်ကို မြရံပြီး ရွှေနဲ့ကွပ်" ထားနိုင်တဲ့ လူ့ဘဝမျိုးဆိုတာ ဂုဏ်ဓနရှိသူတို့ရဲ့ စိတ်ကူးယဉ် အိပ်မက်တွေပါ။

တည်ငြိမ်တဲ့ အေးချမ်းတဲ့ ဘဝမျိုးကို ပိုင်ဆိုင်လိုသူတို့ဟာ ဘာသာရေး ရှုထောင့်ကနေကြည့်ပြီး ပြောရမယ်ဆိုရင်တော့ ဘာဝနာလမ်းကို လှမ်းရုံပဲပေါ့။ လောက ရှုထောင့်ကနေကြည့်ပြီး ပြောရမယ် ဆိုရင်တော့ အသိပညာ၊ အတတ်ပညာများကို ရယူနိုင်အောင် ကျားကုပ်ကျားခဲ ပညာကို မရ၊ ရအောင် ကြိုးစားရမှာပါ။

ထိုပညာဖြင့် မိမိကောင်းကျိုး၊ လောကကောင်းကျိုးကို သယ်ပိုးပြီးနေမှ ဘဝဆိုတာ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ် ရှိလာမှာပါ။ မျှတမှု၊ မမျှတမှု ဒီနှစ်ခု အနက် မျှတမှုဖက်မှာ အချိုးအစား များလာအောင် ပို့ပြီးဆောင်ရွက်ပေးရမှာ။

ဒါဟာ လူသားတိုင်းရဲ့တာဝန်လို့ ဆိုရမှာပဲ။ အမျှော်အမြင်ရှိတဲ့ မိဘနှစ်ပါးဟာ စိန်တွေ၊ ရွှေတွေ၊ ငွေတွေဖြင့် သားသမီးများကို အလေးထားပြီး ဆင်ပေးခြင်းမျိုးထက် တန်ဖိုးကြီးတဲ့ ပညာကို သားသမီးများအား တတ်မြောက်အောင် ကြိုးစားပြီး သင်ပေးခြင်းမျိုးပါ။

ဒီနေရာမှာ ဘဝရဲ့အားနည်းချက်၊ အားသာချက်ကို နှိုင်းယှဉ်ပြီး လူဘဝရဲ့အဆင့်အတန်းကို ကိုယ်ပိုင် အတွေးအမြင်နဲ့ ချိန်ဆကြည့်တတ်ဖို့ပါ။ ဒီခေတ်၊ ဒီအခါမှာ ပညာကို ငွေကြေးနဲ့ချိန်စက်ပြီးမှ ဝယ်ယူနိုင်တဲ့ခေတ်ဆိုတာ လူတိုင်းနီးနီး သိထားပြီးဖြစ်မှာပါ။ ဒီအခါမျိုးမှာ မိဘမဲ့ကလေးငယ်များရဲ့ဘဝ၊ ပစ္စည်းမဲ့ ကလေးငယ်များရဲ့ ဘဝလေး



များကို ပစ္စည်းရှိ လူတန်းစားများ၊ ပညာတတ်လူတန်းစားများ၊ အာဏာရှိလူတန်းစားများမှ စာနာမှုများ မပေးနိုင်ကြဘူးဆိုရင် ဘဝတွေရဲ့ ချိန်ခွင်လျှာ ညီမျှမှုဆိုတာ ဘယ်သောခါမှ ဖြစ်လာနိုင်မည်မဟုတ်ပါ။

မေတ္တာထားသူများ၊ ကရုဏာကြီးမားသူများ၌ ရာထူးဂုဏ်သိန်၊ ပညာဓနစသည်များကို ပိုင်ဆိုင်ခြင်းဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီရာထူးဂုဏ်သိန်၊ ဒီပညာဓနတို့ကို အမှီပြုပြီး လူလူချင်းအပေါ်မှာ မတော်မတရား မာနတွေ ကြီးမားနေတဲ့အဖြစ်မျိုးဟာ ဘယ်ရှုထောင့်ကနေ ကြည့်ကြည့် အများအမြင်ကပ်စရာကြီးပါ။

ပစ္စည်းရှိလို့ ဂုဏ်ရှိတယ်ဆိုတာ တဒင်္ဂပါ။ ပစ္စည်းဆိုတာ ဖေါက်ပြန်ပျက်စီးတတ်တဲ့ သဘော၊ လူ့ဘဝဆိုတာ မမြဲတဲ့သဘောရှိတယ် ဆိုတာ လူတိုင်းနီးနီး သိထားပြီးဖြစ်မှာပါ။ ရှေး

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ပြုခဲ့တဲ့ ဒါနကုသိုလ်အကျိုးပေးကြောင့် ရထားတဲ့ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာမျိုးဆိုတာ ယခုဘဝမှာလည်း မမြဲဘူး။

နောင်ဘဝသံသရာတွေမှာလည်း အောက်တန်းကျတဲ့ အမျိုးအနွယ်တွေမှာ ဖြစ်နိုင်တာမို့ သတိတရား ရှိကြစေလိုကြောင်း တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက လေးလေးနက်နက် သတိပေးစကားများကို အခါအားလျော်စွာ မိန့်ကြားတော်မူခဲ့တယ်။

ဆရာတော်ဘုရားကြီးရဲ့ သဘောထားကတော့ ရှင်းပါတယ်။ ဥစ္စာခနကြောင့်ပဲဖြစ်ဖြစ်၊ ပညာများ တတ်မြောက်လာမှုကြောင့်ပဲဖြစ်ဖြစ် နှလုံးလေပင့်ပြီး ဘဝင်များ မြင့်တက်နေမယ်ဆိုရင်၊ မာန်မာနတရားတွေနဲ့ ထောင်လွှားပကြွားနေမယ်ဆိုရင် သူတစ်ပါးတို့ မြင်ပြင်းကတ်ဖွယ်ရာသာ ဖြစ်ကြောင်း ထောက်ပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မတူညီတဲ့ဘဝများကို (အနီးစပ်ဆုံး) တူညီအောင် ပြုလုပ်မပေးနိုင်သမျှကာလပတ်လုံး တန်းတူရည်တူ ရပိုင်ခွင့်ဆိုတာ အဝေးကြီးမှာပဲ ရှိနေအုံးမှာပါ။ အရာရာကို ငွေကြေးဓနနဲ့ စံထားပြီး လူ့ဘဝစံနှုန်းကို တိုင်းတာနေသမျှ ကာလပတ်လုံး၊ ပညာကို ငွေနဲ့ဝယ်ယူနိုင်မှ ရနိုင်သမျှကာလပတ်လုံး လူတန်းစာညီမျှမှုဆိုတာ ဘယ်သောခါမှဖြစ်လာနိုင်မှာပါ။

အကြောင်းတိုက်ဆိုင်လာလို့ ဖြစ်ရပ်လေးတစ်ခုကို တင်ပြပါရစေ။ ပညာသင်နှစ် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ကျင်းပသွားတဲ့ ဆယ်တန်းစာမေးပွဲမှာ အောင်မြင်မှုရာနှုန်းများရဲ့ ကွဲပြားခြားနားမှုလေးပါ။ မန္တလေးမြို့က နာမည်ကြီး ကျူရှင်တစ်ခုမှာ ဆယ်တန်းစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူပေါင်း (၄၅၅) ယောက် ဝင်ရောက်ဖြေဆိုကြတယ်။



စာမေးပွဲဂေဇက်တွေ ထွက်လာတော့ အဲဒီကျူရှင်မှာ ကျရှုံးသူက ငါးယောက်သာရှိပြီး၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်က (၃၀)ကျော်၊ (၅) ဘာသာဂုဏ်ထူးရှင်က (၆၀)ကျော်၊ (၄) ဘာသာ ဂုဏ်ထူးရှင်က (၁၀၀)ကျော်နှင့် အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူ အများစုဟာလည်း ဂုဏ်ထူးရှင်များသာ ဖြစ်ကြတယ်။

ဒီအခြေအနေများကို ကြားရတော့ မြန်မာကျောင်းသား၊ ကျောင်းသူများရဲ့ ပညာရေးအတွက် ဝမ်းမြောက်မိတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ်က လွိုင်မွေစာဖြေဌာနနှင့် ပြည်နယ်အချို့က စာဖြေဌာနများမှာတော့ ဝင်ရောက်ဖြေဆိုသူများမှ အောင်မြင်သူတစ်ယောက်မှ မရှိကြောင်း ကြားသိရပြန်တော့ မျှတမှုမရှိနိုင်သေးတဲ့ ပညာရေးအပါအဝင် လူ့ဘဝရဲ့ အချိုးအစား မညီမျှမှုတွေအတွက် ဝမ်းနည်းမိပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခံစားမိရင်း အတွေးတွေ တသီချည်း ဝင်လာတယ်။ ပညာမတတ်တဲ့လူမျိုး (သို့မဟုတ်) ပညာတတ်နည်းတဲ့လူမျိုးဆိုတာ ကျွန်ဘဝမှ လွတ်ဖို့ ခက်တယ်။ အခုခေတ်မှာ ရှေးတုန်းကလို ငွေဝယ် ကျွန် ဘဝမျိုးတွေမရှိတော့ပေမဲ့ ကျွန်ဆိုတာ ရှိနေသေးတာပဲလို့ ခံစားမိတယ်။ ခေတ်တွေ ပြောင်းသွားလို့ (ငွေဝယ်)ကျွန်ဆိုတာမျိုးကတော့ မရှိတော့ဘူးပေါ့။

ဒါပေမဲ့ ကျွန်နဲ့တူတဲ့ဘဝမျိုးတွေကတော့ ရှိနေဆဲပဲ။ ဥစ္စာကြောင့်သော်လည်းကောင်း၊ စစ်ရှုံး၍ သော်လည်းကောင်း၊ အကြောင်း တစ်စုံတစ်ခု ကြောင့် အနှောင့်အဖွဲ့ခံရပြီး၊ လွတ်လပ်စွာ သွားလာ ခွင့်မရှိသူများကို ကျွန်လို့ခေါ်ခဲ့မယ်ဆိုရင် ဥစ္စာ အနှောင်အဖွဲ့၊ အာဏာအနှောင်ဖွဲ့စတဲ့ အနှောင် အဖွဲ့တွေကြောင့် လွတ်လပ်စွာ သွားလာခွင့်မရှိသူ တွေ၊ လွတ်လပ်စွာပျော်ပါးခွင့် မရှိသူတွေ၊ လွတ်လပ်စွာ



ပြောဆိုခွင့် မရှိသူတွေရဲ့ ဘဝမျိုးတွေဟာ ကျွန် ဘဝကို ရောက်နေသူတွေနဲ့ ဘာများထူးခြားနေ သေးလို့လဲ။

ဥစ္စာဓနကြောင့် အနှောင်အဖွဲ့ဘဝမျိုးနဲ့ နေရသူတွေ၊ သြဇာအာဏာကြီးသူတို့ရဲ့ ဖိနှိပ် ကွပ်မှုကြောင့် အနှောင်အဖွဲ့ဘဝမျိုးနဲ့နေရသူတွေ၊ လူ့အဆင့်အတန်းကို ညီမျှအောင်ပြုနိုင်တဲ့ ပညာရပ် မျိုးတွေကို သင်ကြားခွင့် မရနိုင်သူတွေ၊ ဒီပုဂ္ဂိုလ် မျိုးတွေ ရှိနေသမျှ ကာလပတ်လုံး ကျွန်ဘဝမျိုးကို ရောက်နေတာနဲ့တူတဲ့ လူ့ဘဝမျိုးတွေဆိုတာ ရှိနေ ဦးမှာပဲ။

မလေးရှားနိုင်ငံရောက်၊ ထိုင်းနိုင်ငံရောက် အချို့ အလုပ်သမလေးတွေရဲ့ဘဝမျိုးတွေဟာ သနားစရာပါ။ သွားချင်တဲ့နေရာကို သွားလို့မရ၊ စားချင်တဲ့နေရာမှာ စားလို့မရ။ နေချင်တဲ့နေရာ မှာ နေလို့မရ။ သူတို့ဘဝတွေဟာ အနှောင်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ လုံခြုံမှုမရှိတဲ့ဘဝမျိုးထဲမှာပဲ ရှိနေဆဲပါ။ မြန်မာပြည်မှာလည်း ဒီလိုဘဝမျိုးတွေနဲ့ နေကြရသူတွေဟာ အများကြီးပဲ ရှိနေသေးတယ်။

အဲဒီတော့ ပညာရေးအားနည်းတဲ့ လူမျိုးအတွက် ပညာရေးဟာ လူ့ဘဝမှာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ အုပ်ချုပ်သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပစ္စည်းဥစ္စာရှိသူများ သိထားနိုင်ဖို့ပါ။

"ပညာရဲရင့် ပွဲလယ်တင့်"တဲ့ ဒီအဆိုကို လူတိုင်းနီးနီးကြားဖူးကြမှာပါ။ ဒါပေမဲ့ ဂရုမထားသူတွေက များနေပါသေးတယ်။ ပညာရေးဟာ လူတစ်ယောက်ရဲ့ဘဝမှာ ဘယ်လောက် အရေးပါသလဲ ဆိုတာ နမူနာလေးတစ်ခုကို ပြောပါရစေ။

ကုန်းကောက်စရာမရှိအောင် ဆင်းရဲနွမ်းပါးတဲ့ မိသားစုမှ ပေါက်ဖွားလာခဲ့တဲ့ ကလေးငယ် တစ်ယောက်ရဲ့ စိတ်ကူးယဉ်အိမ်မက်ထဲမှာ



ကားရှိဖို့ဆိုတာ၊ အိမ်ရှိဖို့ဆိုတာ သူ့တစ်သက်မှာ ဘယ်သောခါမှ မစဉ်းစားရဲတဲ့ အိမ်မက်မျိုးပါ။

ဒါပေမဲ့ ထိုဆင်းရဲတဲ့ကလေးဟာ ကံကောင်းထောက်မ၍ ပညာသင်ခွင့်ရပြီး၊ သက်မွေးမှုပညာများ ဖြစ်တဲ့ အင်ဂျင်နီယာဘွဲ့၊ ဆရာဝန်ဘွဲ့ (သို့မဟုတ်) စီးပွားရေးဘွဲ့တစ်ခုခုကို ရခဲ့မယ်ဆိုရင် ကားလည်း ဝယ်နိုင်လာမယ်၊ အိမ်လည်း ပိုင်ဆိုင်လာနိုင်မယ်။

သူများတွေမှာရှိတဲ့ အရာမှန်သမျှတွေဆိုလည်း သူလည်း ကြိုးစားရင် ရနိုင်တယ်ဆိုတာ ယုံကြည်စိတ်တွေ အပြည့်အဝ ရရှိလာနိုင်တယ်။ ဘဝရဲ့ ညီမျှခြင်းဆိုတာ ဆင်းရဲချမ်းသာမှုကြောင့်တော့ အဟန့်အတား မဖြစ်စေသင့်ပါ။ တန်းတူရည်တူ ကြိုးစား၊ အားထုတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးရလာဒ်မျိုးသာ ဖြစ်စေသင့်တယ်။

ဤကဲ့သို့ လူတိုင်းနီးနီး သဘောပေါက်ထားနိုင်ပါမှ ပညာရဲ့တန်ဖိုးဟာ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသလဲဆိုတာ သိနိုင်မယ်။ "ပညာရဲရင့် ပွဲလယ်တင့်" ဆိုတဲ့အတိုင်း ကမ္ဘာကို လွှမ်းမိုး၊ အုပ်စိုးနိုင်တဲ့သတ္တိဆိုတာ ဒီပညာ အရည်အချင်းများသာ ဖြစ်တယ်။

ဘယ်လောက်ထင်ရှားသလဲဆိုရင် အသေးအဖွဲ့ ရန်ပွဲလေးကအစ တိုင်းနိုင်ငံ အချင်းချင်း စစ်ခင်းရသည်အထိ ပြဿနာများ ကြီးကျယ်လာတဲ့ အခါမျိုးတွေမှာလည်း ပညာရှိတို့ဘက်က အောင်ပွဲရစမြဲဖြစ်တယ်။ ဒီအကြောင်းကြောင်းတွေကြောင့် လောကီပညာရပ်များဟာ အဘိဓမ္မာသဘောအရ ပညာအတုများပင် ဖြစ်သော်လည်း လောကီကြီးပွားချမ်းသာရေး၌ ဒီပညာအတုများကလည်း များစွာအသုံးဝင်ကြောင်း တောင်မြို့ဆရာတော် ဘုရားကြီးက ထောက်ပြတော်မူတယ်။

မြန်မာပြည်ဖွား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကို တောင်မြို့မဟာဂန္ဓာရုံဆရာတော်



ဘုရားကြီးက ကြီးပွားချမ်းသာစေချင်တယ်။ လူ့ဘဝ၌ အထက်တန်းကျကျ နေထိုင်နေတာမျိုးကို သူမြင်လိုတဲ့ဆန္ဒရှိတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက ကိုယ်ကျင့်အဘိဓမ္မာစာအုပ် (နှာ ၁၀၃)မှာ ရေးသားထားခဲ့တယ်။

အမျိုးဘာသာ သာသနာရဲ့ အကျိုးစီးပွားကို အမြဲတမ်းလိုလားတော်မူတဲ့ ဆရာတော်ဘုရားကြီးအား စာရေးသူ အကြိမ်ကြိမ် အခါခါ ရှိခိုးနေမိပါ၏။ ဆရာတော်ဘုရားကြီးက -

"ယခုအချိန်တိုင်အောင် ကူးသန်း ရောင်းဝယ်မှု၌ ဉာဏ်မျက်စိစူးရှသော နိုင်ငံခြားသားတို့က ငါတို့အမျိုးသား အမျိုးသမီးတွေကို ကလေးလိုသဘောထား၍ ပစ္စည်းရော လူပါ အညွန့်ခူးချင်တိုင်း ခူးနေကြသည့်အပြင် အောက်တန်းစားဟုထင်ရသော နိုင်ငံခြားသားလက်လီ ကုန်သည်လေး များကလည်း ထထကြွကြွ ဝီရိယဖြင့် စားပေါက်စားလမ်းကို အစွမ်းကုန် နှိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ငါတို့အမျိုးသားတွေက 'ဖိုးသူတော်ကျပ်တစ်လုံးနှင့် ညောင်ပင်ကုန်းမှာ အိပ်ပျော်နေကြတုန်းပင်"

"အို ...အမျိုးသားတို့ ပညာတတ်နည်းပါးသော နိုင်ငံဟူသမျှသည် အဘက်ဘက်က အောက်တန်းကျရမည်မှာ ဗေဒင်မေးနေစရာ မလိုတော့ပါ။ အမျိုးကိုချစ်ခင်ကြသော ကျောင်းဆရာကြီးများကလည်း စွမ်းနိုင်သမျှ နည်းကောင်းလမ်းမှန်များကို ညွှန်ပြကြပါ။ ကျောင်းသားကျောင်းသူတို့ကလည်း စိတ်ပါလက်ပါ ကြိုးစားကြပါ။ ဓနရှင် လူကြီးလူကောင်းများ (အုပ်ချုပ်သူ လူကြီးလူကောင်းများ)နှင့် သံဃာတော်အပေါင်းကလည်း ပညာရေးတိုးတက်အောင် အဘက်ဘက်က အားပေးကြပါ။ ဤသို့ တစ်နိုင်ငံလုံး ကြိုးစားမှသာ ယခုဘဝ၌ နာလန်ထူပြီးလျှင် သံသရာအဆက်ဆက်လည်း ထက်မြက်သော ဇာတိပညာရှင်များ ဖြစ်နိုင်ကြပါလိမ့်မည်" တဲ့။



ဆရာတော်ဘုရားကြီးရဲ့မေတ္တာ၊ စေတနာတို့ဟာ တိုင်းသား၊ ပြည်သူများအပေါ်မှာ ဘယ်လောက် သံယောဇဉ်ကြီးမားတယ်ဆိုတာ ပေါ်ညွှန်းပြနေတယ်။ မှန်ပေတယ်။ လူနည်းစုမှာရှိတဲ့ ဥစ္စာဓနနှင့် အသိပညာ၊ အတတ်ပညာများဟာ နိုင်ငံရဲ့အများစုဖြစ်တဲ့ ဆင်းရဲသားဦးရေကို ကိုယ်စားမပြုနိုင်၍ ဥစ္စာဓနနှင့်ရော အသိပညာ၊ အတတ်ပညာများဖြင့်ပါ အများစုကို ကိုယ်စားပြုနိုင်မှသာ နိုင်ငံနဲ့ လူမျိုးသည် ကမ္ဘာ့အလယ်မှာ ထယ်ဝါလာနိုင်မည်ဖြစ်တယ်။

ပန်းမသိနိုင်တဲ့ကြိုးကို လှပမွှေးကြူတဲ့ ရောင်စုံပန်းလေးများဖြင့် စေတနာ၊ ဝါသနာ၊ အကြင်နာတို့ကို အရင်းခံလျက် ကြင်နာယုယစွာ သီကုံးပေးခြင်းဖြင့် အချိုးညီမျှတဲ့ လူ့ဘဝနှင့် သာယာအေးချမ်းတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖန်းတီးနိုင်လိမ့်မယ်လို့ ယုံကြည်ထားလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တိုင်းပြည်အုပ်ချုပ်သူများ၊ စီးပွားဥစ္စာရှိသူများနှင့် ဘာသာရေး ခေါင်းဆောင်များဟာ ပန်းမဲ့နေတဲ့ကြိုးလေးတွေကို ပန်းသီပေးခြင်းဖြင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်ကြပါစေ။ အမျိုးသားရေးကို မြတ်နိုးသူတိုင်း၊ တိုင်းကျိုး၊ ပြည်ကျိုးကို သယ်ပိုးလိုသူတိုင်း အလားတူ ဆောင်ရွက်နိုင်ကြပါစေ။

နောက်ဆုံးအနေနဲ့ တိုင်းကျိုး၊ ပြည်ကျိုးများကို အမြဲတမ်း သတိတရရှိတော်မူတဲ့ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရဲ့ မေတ္တာစေတနာတို့ကို ဂုဏ်ပြုပူဇော်ရင်း ဆရာတော်ဘုရားကြီးရဲ့ ပုံရိပ်လွှာကို တမ်းတမ်းတတ ရည်မျှော်လျှက် ဆရာတော်ကြီး ရေးခဲ့တဲ့လင်္ကာလေးနဲ့ နိဂုံးချုပ်ပါရစေ။

ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊



ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ၊
လက်ထက်ကလျှင်၊ ရသည့်တန်ခိုး၊ ထပ်မညှိုး
အောင်၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်
သည်၊ ဆက်လက်တည်တံ့ရုံသာတည်း။
(တစ်ဘဝသံသရာ၊ နှာ ၃၇၉)
ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

ဒေါက်တာဓမ္မပိယ **(ITBMU)**

www.burmeseclassic.com

www.burmeseclassic.com

## စုံပုဝါ ဘယ်ညာချပ်လို့

လူနဲ့လူ့ပတ်ဝန်းကျင်။ ကံအကြောင်းတရားနဲ့ ကံအကျိုးတရား။ မျှတမှုမရှိတဲ့ လူနေမှုဘဝ။ ဘဝတွေနဲ့စပ်ပြီး စဉ်းစားစရာတွေက အများကြီး။ ဘုရားဟောတဲ့လမ်းက မဇ္ဈိမပဋိပဒါလမ်း (အလယ်လမ်း)။ လူ့ဘဝမှာ ဖြစ်ပျက်နေတာတွေက ဟိုဘက်အစွန်းနဲ့ ဒီဘက်အစွန်း။ ဆင်းရဲလွန်းသူနဲ့ ချမ်းသာလွန်းသူ။ ဘဝအဆင့်အတန်းတွေက မိုးနဲ့မြေကြီး။ အတွေး၊ အမြင်တွေက စပ်ဟပ်မှု မရှိနိုင်တဲ့ ပင်လယ်ပြာနဲ့ ကောင်းကင်ပြာ။



ဒီလူတွေမှာ ရှိနေတဲ့ အသိပညာ၊ အတတ်ပညာများနှင့် ဘဝအတွေ့အကြုံများက လုံးဝ ခြားနားနေကြတော့ အတွေးအမြင်ခြင်း တူညီဖို့ဆိုတာကလည်း ဆုံစည်းဖို့ ခက်ခဲတဲ့ တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းပမာ။ ဒီအရေးတွေကို တွေးမိတဲ့အခါ မွန်းကျပ်လာတဲ့ ခံစားမှုဝေဒနာ။ ဒီလို မတူညီနိုင်တဲ့ ဘဝတွေကို စဉ်းစားမိရင်း အမှတ်မထင် အတွေးလေးတစ်ခု ဝင်လာတယ်။ အဲဒါက “စုံပုဝါ ဘယ်ညာချပါ”လို့-ဆိုတဲ့ အတွေး။ မြန်မာတို့ရဲ့ ဝတ်စားဆင်ယဉ်မှုနဲ့ စပ်နွယ်နေတဲ့အတွေးပါ။

“စုံပုဝါ ဘယ်ညာချပါ” လို့ဆိုတဲ့ စကားစုနဲ့ လူ့ဘဝအခက်အခဲတွေက ဘယ်လိုများ ပတ်သက်နိုင်သလဲလို့ တစ်ဦးတစ်ယောက်က တွေးကောင်းတွေးမယ်။ ပြောခဲ့ပြီးပြီပဲ။ အတွေးဆိုတာ ရောက်တတ်ရာရာကို တွေးတာပါလို့။ ဒါပေမဲ့ ဒီနေရာမှာ အတွေးနဲ့စုံပုဝါ သက်ဆိုင်မှုရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုခုံးပေါ်မှာ တင်ထားတဲ့ ပုဝါရဲ့ အလှဟာ တစ်ဖက်ဖက်မှာ အစွန်းထွက်နေရင် ကြည့်ရတာ ကျက်သရေမရှိနိုင်သလို၊ ဘဝတွေမှာလည်း ဆင်းရဲလွန်း၊ ချမ်းသာလွန်း ဒီလိုအစွန်းမျိုးတွေ ထွက်နေရင် ကြည့်ရတာ ဘယ်မှာ ကျက်သရေ ရှိပါ့မလဲ။

ဖြစ်နိုင်ရင် အစွန်းထွက်နေတဲ့ ဘဝတွေကို ညီမျှစေချင်တာ။ အားနွဲ့နေသူတွေကို တတ်နိုင်သမျှ ကူညီပေးချင်တာ။ ကိုယ်တတ်ထားတဲ့ ပညာနဲ့ ပြည်သူတွေရဲ့ဘဝကို အားဖြည့်ပေးချင်တာ။ ဒီလိုအခြေအနေမျိုးမှာ တွေးနေမိတာက စုံပုဝါနဲ့ လူ့ဘဝ။

ပုဝါဟာ အစွန်းနှစ်ဖက် ညီညာနေတဲ့ အခါမှသာ အလှကျက်သရေရှိနိုင်သလို လူ့ဘဝတွေမှာလည်း လူတန်းစားညီမျှမှုရှိတဲ့ အခါမျိုးမှာသာ ကျက်သရေရှိပြီး ဝမ်းသာကြည်နူး နိုင်မယ်ဆိုတာ သတိမူနိုင်ကြဖို့ပါ။



"စုံပုဝါ ဘယ်ညာချကာဖြင့်ရယ်...၊
မွှန်နံ့သာ ချယ်ကာသပါလို့...၊ အလှတပြင်ပြင်နဲ့..."

ဆိုတဲ့ အဖွဲ့အနွဲ့မျိုးဟာ အချိုးအစားညီမျှတဲ့ ဘဝမျိုးတွေကို ကြည်နူးစွာ ခံစားနိုင်ဖို့ ရည်ညွှန်းဖွဲ့ဆိုထားတာမျိုးမို့ ဒီစာပိုဒ်လေးကို ဖတ်ရတဲ့အခါ ရသအမြင်နဲ့ စိတ်ဘဝင်မှာ ကြည်နူးမိပါရဲ့။

ဒီနေရာမှာ ပခုံးပေါ်မှ တင်ထားတဲ့ ပုဝါကို အဓိကပြောလိုရင်း မဟုတ်ပါ။ စုံပုဝါကို အချိုးစားညီညီနဲ့ ဘယ်ညာ ချထားတဲ့အခါ ဖြစ်ပေါ်လာတဲ့ မြန်မာအမျိုးသမီးတို့ရဲ့ ဂုဏ်ကျက်သရေကို ပြောလိုရင်းပါ။ ပုဝါမှာ တန်ဖိုးညီမျှနေတဲ့ဂုဏ်၊ အစွန်းနှစ်ဖက်ကို ညီမျှစွာ ချထားလို့ အနိမ့်အမြင့် အားဖြင့်လည်း ညီမျှနေတဲ့ဂုဏ်။

ဒါတွေဟာ လူတန်းစားညီမျှခြင်း၊ ဘဝအချိုးအစား ညီမျှခြင်းကို ကိုယ်စားပြုထားတဲ့ မြန်မာတို့ရဲ့ကျက်သရေ (သို့မဟုတ်) ဂုဏ်သိက္ခာ

www.burmeseclassic.com



ဆိုတာ ဒါမျိုးပဲဖြစ်မှာပဲလို့ တွေးမိလို့ပါ။ လူ့ဘဝမှာ (ကံအကြောင်းတရားကြောင့်ပဲဖြစ်ဖြစ်၊ အခြားအကြောင်းများကြောင့်ပဲဖြစ်ဖြစ်) ဆင်းရဲ၊ ချမ်းသာခြင်းတွေဆိုတာ ရှိနေပေမဲ့ ချမ်းသာသူများက ဆင်းရဲသူများကို ကြင်နာစိတ်နဲ့ ပံ့ပိုးကူညီကြမယ်ဆိုရင်၊ ပညာတတ်သူများက ပညာမဲ့သူများကို ပညာတတ်သူများ ဖြစ်လာအောင် စာနာစိတ်နဲ့ ဖေးမကူညီပေးကြမယ်ဆိုရင် ဘာသာနှင့်သာသနာ၊ တိုင်းပြည်နဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာတွေဆိုတာ တိုးတက်လာမှာပါ။

ဒီလိုမှ မလုပ်နိုင်ကြဘူးဆိုရင် မြန်မာနိုင်ငံမှာ ဆင်းရဲ၊ ချမ်းသာ ကွာဟမှုကြီးမှာ တူညီတဲ့အပြုံးတွေဆိုတာ ဘယ်သောအခါမှ ရှိလာနိုင်မှာမဟုတ်ပါ။ တူညီတဲ့ရပိုင်ခွင့်တွေ၊ မျှတတဲ့ လွတ်လပ်ခွင့်တွေ ဆိုတာလည်း ဘယ်သောခါမှ ရလာနိုင်မယ်မဟုတ်ပါ။ ဖြစ်နိုင်၊ မဖြစ်နိုင် တွေးကြည့်ဖို့ပါ။

BURMESE CLASSIC .com



လူ့မျိုးဆိုတာ တစ်ဦးတစ်ယောက်တည်းနဲ့ သို့မဟုတ် တစ်သင်းတစ်ဖွဲ့တည်းနဲ့ တည်ဆောက်ထားလို့ မရပါ။ လူအများစုပေါင်းမှ လူမျိုးဆိုတာ ဖြစ်လာတာ။ လူမျိုးကောင်းစားစေချင်ရင် လူမျိုး ကောင်းစားနိုင်တဲ့အလုပ်တွေကို ဝိုင်းဝန်း လုပ်ကိုင်ကြရမှာ။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကအစ တရားဥပဒေစိုးမိုးရေးအထိ ပြည်သူတို့လိုလားနေတဲ့အရေးများကို ဝိုင်းဝန်း စဉ်းစားကြရမှာ။ ဒီလိုစဉ်းစားပေးတာဟာ ကိုယ့်အရေးသက်သက်ချည်း မဟုတ်ဘူးဆိုတာကိုတော့ သဘောထားရှင်းဖို့ပါ။

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ နိုင်ငံတွင်းမှာ ရှိနေတဲ့ ပြည်သူ၊ ပြည်သားတွေရဲ့ ရပိုင်ခွင့်တွေကို အချိုးညီအောင်၊ တရားဥပဒေကိုလည်း ကျောသား၊ ရင်သားမခွဲခြားပဲ တပြေးညီ စိုးမိုးနိုင်အောင် ပြုလုပ်ကြရမှာ။

www.burmeseclassic.com

www.burmeseclassic.com



လူအများစုပြောနေတဲ့ ငြိမ်းချမ်းတဲ့ ပြည်ထောင်စုမျိုးဆိုတာ တရားဥပဒေ စိုးမိုးတဲ့ နိုင်ငံမျိုးကို ပြောတာ။ ရပိုင်ခွင့်တွေ ညီဖို့ တရားဥပဒေ စိုးမိုးနိုင်ဖို့ဆိုတာ လူဦးရေ အများစုက အသိပညာရှင်၊ အတတ်ပညာရှင်တွေ ဖြစ်နေပါမှ ဖြစ်နိုင်တာ။ လူသားတစ်ယောက်ရဲ့ ရပိုင်ခွင့်ကို သိထားဖို့ဆိုတာ အခြေခံဥပဒေကို သိထားမှဖြစ်မှာ။

ဒီတော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးတွေ အခြားတိုင်းပြည်၊ အခြားလူမျိုးတွေ နည်းတူ တိုးတက်ကြီးပွားစေချင်ရင် အများနည်းတူ မျှတတဲ့ တရားဥပဒေစိုးမိုးရေးစနစ်ကို ကျင့်သုံးနိုင်အောင် ဝိုင်းဝန်းကူညီတည်ဆောက်ကြရမှာ။ ကိုယ့်နိုင်ငံတွင်းမှာ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ပေါ်များလာအောင် ကူညီပေးကြရမှာ။

ကိုယ့်ကိုယ်ကို ရှေ့တန်းတင်လိုတဲ့ အတ္တတရားတွေ၊ မာနတရားတွေကို လျှော့နည်းအောင်



ပြုလုပ်ပေးကြရမှာ။ အဲဒီလို ပြုလုပ်ပေးလိုက်ရလို့ ကိုယ်လည်း ချမ်းသာမယ်၊ အများစုလည်း ချမ်းသာမယ်လို့ ကိုယ်တိုင်က နားလည်သဘောပေါက်ထားရင် လျှော့သင့်တဲ့ အတ္တတရားတွေ၊ မာနတရားတွေကို လျှော့ကြဖို့ပါ။ အနည်းစု ချမ်းသာတာနဲ့စာရင် အများစုချမ်းသာတာက ပိုကောင်းနိုင်တယ် ဆိုတဲ့ အတွေးကိုတော့ လူတိုင်းနီးနီး တွေးဖူးကြမှာပါ။

ဒီနေရာမှာ အသိပညာ၊ အတတ်ပညာမျိုး ဆိုတာ စာသင်ကျောင်းများမှ သင်ယူလို့ရခဲ့တဲ့ ဘွဲ့ဒီဂရီပညာ အရည်အချင်းမျိုးကိုသာ ဆိုလိုရင်းမဟုတ်ပါ။ စက်ရုံ၊ အလုပ်ရုံများနှင့် အလွတ်ပညာသင်ကျောင်းများ (သို့မဟုတ်) လူနေမှုဘဝ အထွေထွေမှ ရခဲ့တဲ့ အတွေ့အကြုံများ၊ အသိပညာမျိုးတွေဟာလည်း လူ့ဘဝမှာလိုအပ်တဲ့ အရည်အချင်းတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



(မဝံ့မရဲနဲ့) ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် မြန်မာလူမျိုးအများစုမှာ ဒီလိုအရည်အချင်းမျိုးတွေ ရနိုင်ဖို့ဆိုတာ အဝေးကြီးမှာ ရှိနေသေးတာ။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံရဲ့ လူဦးရေ (၇၀) ရာခိုင်နှုန်းခန့်ဟာ တောရွာတွေမှာ နေကြရတာ။ တန်းတူအခွင့်အရေးတို့၊ ပညာသင်ခွင့်တို့၊ နိုင်ငံသားတစ်ယောက်ရဲ့ ရပိုင်ခွင့်တို့ဆိုတာ ဘာပြောမှန်းတောင် သိကြမယ် မဟုတ်သေးပါ။

ဒီလိုအခြေအနေမျိုးတွေကို မသိတဲ့ လူတွေက အများကြီး။ ဘာကြောင့် ဒီလိုဖြစ်နေရသလဲဆိုရင် ပြည်သူ၊ ပြည်သားအများစုဟာ ပညာတတ်တွေ နည်းနေကြသေးလို့ပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို နိုင်ငံတကာစံနှုန်းနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စာနာတတ်သူများအတွက် ဝမ်းနည်းမိကြမှာ အမှန်ပါ။ မြန်မာနိုင်ငံတော်ကြီးကို တိုးတက်စေချင်ပါတယ်-ဆိုတဲ့လူတွေ ဒီအချက်ကိုတော့ သတိမှ ရကြပါလေစ။



ပညာရေးနဲ့ပတ်သက်ပြီး ဘယ်လောက်များ နိမ့်ကျနေလို့လဲ-ဆိုတဲ့အတွေး။ ဒီနေရာမှာ အခွင့်သာလို့ နိုင်ငံတကာ စံနှုန်းကို နည်းနည်းလောက် နှိုင်းယှဉ်ပြပါရစေ။ ယနေ့မျက်မှောက်ခေတ်မှာ ကမ္ဘာကို ဦးဆောင်နေတဲ့နိုင်ငံများကို လေ့လာ သုံးသပ်ကြည့်စေချင်ပါတယ်။

အမေရိကန်နိုင်ငံက ကျောင်းသား၊ ကျောင်းသူများကို ကြည့်ပါ။ ကျောင်းသား၊ ကျောင်းသူတိုင်းဟာ အထက်တန်းပညာကို ပြီးဆုံးအောင် သင်ယူကြရတယ်။ အသက် (၅) နှစ်မှ (၁၈)နှစ်ထိ ပညာကိုမသင်မနေရ (Compulsory Education) ပညာရေးစနစ်ကို သတ်မှတ်ပြဌာန်းထားတယ်။ ပညာရေးစနစ် ကောင်းမွန်မှုကြောင့် အမေရိကန်နိုင်ငံမှာ နေထိုင်ကြတဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သူတို့ရဲ့ ရပိုင်ခွင့်ကို ငယ်ငယ်ကြီးကြီး အားလုံးနီးနီး သိနားလည်ထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



၅နှစ်အရွယ်၊ ၆နှစ်အရွယ် ကလေးငယ်လေးများကစပြီး မတရားလုပ်ခဲ့ရင် 911 (အရေးပေါ် ဖုန်းလိုင်း)ကို ခေါ်ပြီး၊ ကိုယ်တိုင် တိုင်ကြားပြောဆိုနိုင်ကြတယ်။ အကျိုးဆက်အနေနဲ့ ပညာရေးကောင်းမွန်တော့ စီးပွားရေးတွေလည်း ကောင်းမွန်တယ်။ လူနေမှုအဆင့်တန်းတွေလည်း မြင့်မားတယ်။

လူတစ်ယောက်ရဲ့ ရပိုင်ခွင့်တွေကို အများစုက သိနားလည်ထားကြတော့ အမေရိကန်နိုင်ငံလိုနိုင်ငံမျိုးမှာ ကမ္ဘာ့လူသားတွေ ပျော်ပျော်ကြီး လာရောက် နေနိုင်ကြတာဟာ အဆန်းတကျယ်ကြီးတော့ မဟုတ်တော့ပါ။ မျှမျှတတ ဆင်ခြင်သုံးသပ်နိုင်ဖို့ပါ။

ဥရောပနိုင်ငံတွေကိုလည်း လက်လှမ်းမီသမျှ လေ့လာကြည့်စေချင်ပါတယ်။ ပညာရေး၊ စီးပွားရေးကအစ လူနေမှု အဆင့်အတန်းများ



ထိပ်တန်းမှာရှိနေတဲ့ အင်္ဂလန်နိုင်ငံရဲ့ ပညာရေးစနစ်ကို သုံးသပ်ကြည့်ပါ။ ကျောင်းသား၊ ကျောင်းသူများဟာ အသက် (၅)နှစ်မှ (၁၆)နှစ်အထိ ပညာကို သင်ကြားကြရတယ်။

ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် အထက်တန်းပညာကို အိုလယ်ဗယ် (O-Level) အထိ မသင်မနေရ ပညာရေးစနစ်အနေနဲ့ ပြဋ္ဌာန်းသတ်မှတ်ထားတယ်။ အေလယ်ဗယ် (A-Level) ကိုတော့ မသင်မနေရ ပညာရေးအနေမျိုးနဲ့ သတ်မှတ်ထားခြင်းမဟုတ်ပဲ သင်ယူလိုက သင်ယူနိုင်ပြီး၊ မသင်ယူလိုကလည်း မသင်ဘဲနေနိုင်တဲ့ အနေအထားမျိုးနဲ့ သတ်မှတ်ပြဋ္ဌာန်းပေးထားတာပါ။

ပညာတတ်မြောက်ဖို့ဆိုတာ အားကျတတ်သူများသာ ရနိုင်တဲ့ဆုလာဘ်မျိုးပါ။ လူတိုင်း လူတိုင်း ပညာသင်ယူဖို့ အခွင့်အလမ်းလည်းရှိ၊ ကြိုးစား သင်ယူလိုတဲ့စိတ်မျိုးလည်းရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်ကြီးဖြစ်ဖို့ ဆိုတာ အခက်ကြီးတော့ မဟုတ်လှပါ။

အိမ်နီးနားချင်းဖြစ်တဲ့ စင်္ကာပူနိုင်ငံရဲ့ ပညာရေးစနစ်ကို လေ့လာကြည့်ပါ။ အင်္ဂလန်နိုင်ငံရဲ့ ပညာရေးစနစ်ကို အတုယူထားတာကို တွေ့ရတယ်။ ကောင်းတာကို အတုယူထားတာမျိုးမို့ အထင်သေးစရာ မရှိပါ။ ရှက်စရာလည်း မဟုတ်ပါ။ တကယ်ရှက်သင့်တာက ပညာသင်ကြားခွင့် ရပါလျက်နဲ့ မသင်ယူပဲ အချိန်တွေကို အလကားဖြုန်းနေတာမျိုးကသာ ရှက်စရာပါ။

သူတို့နိုင်ငံမှာ ပညာသင်ကြားရမဲ့ အသက်အရွယ်ဟာ အသက်အားဖြင့် (၆)နှစ်မှ (၁၅)နှစ်ထိ ပညာကို သင်ယူဖို့ သတ်မှတ်ပေးထားတယ်။ လယ်ဗယ်အားဖြင့် အိုလယ်ဗယ် (O-level) အထိ။ ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေရမည့် အရွယ်၌ ကျောင်းမှန်မှန် မတက်ခဲ့သော် (သို့မဟုတ်)



ကျောင်းမတက်ပဲနေခဲ့သော် မိဘများကို တိုင်ကြားလေ့ရှိတယ်။

ကလေးများရဲ့ပညာသင်ကြားမှုကို မိဘများက မကူညီခဲ့သော် မိဘများပါ အပြစ်ရှိတယ်လို့ ဥပဒေနဲ့ ပြဋ္ဌာန်းထားတာဖြစ်လို့ ကျောင်းပျက်ကွက်တဲ့ ကလေးများရဲ့ မိဘများကို ဒဏ်ငွေအဖြစ် စင်္ကာပူဒေါ်လာ ၅၀၀၀ (သို့မဟုတ်) ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ကျခံရန် သတ်မှတ်ထားတယ်။ ဒီလိုဥပဒေမျိုးကို ထုတ်ပြန်ထားတော့ စင်္ကာပူ နိုင်ငံရဲ့ ပညာရေးစနစ်ဟာ အရှေ့တောင်အာရှနိုင်ငံများထဲမှာ ရှေ့တန်းကရောက်နေတာကို တွေ့မြင်နိုင်ကြမှာပါ။

စင်္ကာပူနိုင်ငံရဲ့ လူနေမှု အဆင့်အတန်းဟာလည်း အထက်တန်းမှာပဲ ရှိနေဆဲပါ။ ဒီနေ့မှာ ဒီ Issue (ဒီအရေး)ကို ထည့်ပြီး ဆွေးနွေးနေတာဟာ လူနည်းစုရဲ့ လူနေမှုအဆင့်အတန်းကို

www.burmeseclassic.com



ကွက်မကြည့်ကြပဲ လူအများစုရဲ့ လူနေမှု အဆင့်တန်းကို ခြုံငုံကြည့်တတ်ကြဖို့ပါ။

တကယ်တော့ သူတို့လူမျိုးတွေ ဒီလို အခြေအနေမျိုးနဲ့ အရှေ့တောင်အာရှရှိနိုင်ငံများ အလယ်မှာ ဂုဏ်ရှိရှိနဲ့ နေနိုင်ပြီး၊ ကိုယ့်လူမျိုးတွေက မနေနိုင်ကြတာဟာ "သူတော်တာ မဟုတ်ဘူး၊ ခင်ဗျားညံ့တာ" လို့ပဲ ဆိုရမှာပါ။ ဆင်ခြင်မှုတရားနဲ့ အဖြေရှာနိုင်ကြဖို့ပါ။

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်နဲ့ လူနေမှု အဆင့်အတန်းကို ကြည့်ပါဦး။ ဘယ်အဆင့်အတန်းမှာ ရှိနေလဲလို့ မေးခဲ့ရင် တိတိကျကျ ဖြေနိုင်သူရှိမယ်မဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် ဒီအမေးကို ဖြေဖို့ သင့်တော်တဲ့အချိန်အခါ မဟုတ်သေးလို့ပါ-လို့ပဲ ဆိုရမှာပါ။

ဘာပဲဖြစ်ဖြစ်လေ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ပညာရေးစနစ်ဟာ အလွန်နိမ့်ကျနေတာက



တော့ အမှန်ပါ။ အထက်တန်းအထိ ပြဌာန်းကျမ်းစာများဟာ သင်ရိုးညွှန်းတမ်းအနေနဲ့ အင်္ဂလိပ်စာကလွဲရင် အခြားဘာသာရပ်များ အလွန်အမင်း မနိမ့်ကျလှပေမဲ့ သင်ကြားရေးစနစ်နဲ့ ပြဌာန်းထားတဲ့စနစ်က အလွန်နိမ့်ကျနေတော့ အရာအားလုံးဟာ နိမ့်ကျနေတယ်လို့ပဲ ဆိုရမှာပါ။

ဥပမာ၊ ပညာရေးနဲ့ပတ်သက်ပြီး ပြဌာန်းထားတဲ့စနစ်ကို အရင်သုံးသပ်ကြည့်ပါ။ ပညာကို မသင်မနေရ သတ်မှတ်ထားတဲ့အရွယ် (Compulsory School Age)က အသက်အားဖြင့် (၆)နှစ်မှ (၉)နှစ်အရွယ် (၄-တန်း) ထိသာ ဖြစ်တယ်။ ပညာသင်ကြားချိန်အရွယ်က နည်းရတဲ့အထဲ ကျောင်းသား (သို့မဟုတ်) ကျောင်းသူတစ်ယောက် လေးတန်းပညာပြီးဆုံးသည်အထိ ကျောင်းမတက်ခဲ့သော် (သို့မဟုတ်) ကျောင်းမနေခဲ့သော် ဘယ်မိဘကိုမှ (သို့မဟုတ်) ဘယ်အုပ်ထိန်းသူကိုမှ ဒဏ်ငွေရိုက်

www.burmeseclassic.com



ခြင်း (သို့မဟုတ်) ထောင်ဒဏ် ကျခံစေခြင်း ဥပဒေကို ပြဋ္ဌာန်းထားခြင်း မရှိပါ။

ဒီလိုဆို မြန်မာနိုင်ငံမှာ ကျောင်းသား၊ ကျောင်းသူများ ပညာရေး နိမ့်ကျနေခြင်းဟာ ဘယ်သူ့မှာ အပြစ်ရှိလဲလို့မေးခဲ့ရင် ဘယ်သူ့မှာမှ အပြစ်မရှိဘူးလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုရင် အပြစ်တင်ခြင်း သက်သက်နဲ့တော့ solution (ပြဿနာကို ဖြေရှင်းပေးခြင်း)ကို ဖြေရှင်းပေးနိုင်မှာ မဟုတ်လို့ပါ။

မျှမျှတတ ပြောရမယ်ဆိုရင်တော့ နိုင်ငံတော်က ပညာသင်ကြားရေး စနစ်နဲ့စပ်တဲ့ ဥပဒေကို တိတိကျကျ ထုတ်ပြန်ပေးထားခြင်းမျိုး မရှိသေးတာဟာလဲ အကြောင်းတစ်ရပ် ဖြစ်တယ်။ ဒီလိုမှ မဟုတ်ပဲ ဒါနဲ့ပတ်သက်ပြီး ဘယ်သူ့မှာ အပြစ်ရှိနိုင်လဲ၊ ပြောပါ-လို့ ဇွတ်အတင်းမေးနေရင်တော့ အားလုံးမှာ အပြစ်ရှိတယ်လို့ပဲ ဖြေရမှာပဲ။ စဉ်စားနိုင်ကြဖို့ပါ။



မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ပညာသင်ကြားရေးစနစ်ကို သုံးသပ်ကြည့်ပါ။ ဘာမဆို အလွတ်ကျက်မှတ်ရတဲ့ စနစ်။ ဒီကြားထဲ ဆရာ၊ ဆရာမများက ကျက်မှတ်ခိုင်းထားတဲ့ စာပိုဒ်ကို ဖြေဆိုရာမှာ စာပိုဒ်အဆုံး (သို့မဟုတ်) ဝါကျအဆုံးမှာ "၏၊ သည်" စသည်လောက် လွဲသွားရင်ပဲ ဖြေဆိုတဲ့ ကျောင်းသားအား အမှတ်လျှော့တဲ့ စနစ်ဆိုတော့ ဒီကျက်မှတ်တဲ့ ပညာရေးစနစ်ဟာ ဘယ်လိုလုပ်ပြီး ရှေ့တန်းကို ရောက်နိုင်မလဲ။

ဒီပြဿနာကို ပညာရှင်များ လေးလေးနက်နက် စဉ်းစားနိုင်ကြဖို့ပါ။ ကျက်မှတ်တဲ့ စနစ်ကို မကောင်းဘူးလို့ ပြောနေခြင်း မဟုတ်ပါ။ မလိုအပ်ပဲ အသုံးပြုနေလို့ တင်ပြနေခြင်းပါ။ ဖေါ်မြူလာတို့၊ အီကွေရှင်းတို့၊ (ဂဏန်း)အလီတို့ကို ကျက်မှတ်ခိုင်းတာဟာ ကောင်းပါတယ်။ လိုလည်း လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲမယ်တော့ မထင်ပါ။ သယံဇာတတွေ ပေါများလှတဲ့ မြန်မာနိုင်ငံမှာ လူတစ်ယောက်ရဲ့ ရပိုင်ခွင့်တွေ၊ နိုင်ငံသားတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်တွေကို လူတိုင်းနီးနီး သိရှိလာအောင် အစဦးမှာ ပညာပေးဖို့ပါ။

ချမ်းသာတဲ့ဘဝ၊ ငြိမ်းချမ်းတဲ့ဘဝ၊ တည်ငြိမ်တဲ့ဘဝမျိုးတွေနဲ့ နိုင်ငံရဲ့ဂုဏ်ကို ဆောင်နိုင်အောင် စုပေါင်းပြီး ကျိုးစားကြဖို့ပါ။ ပညာရေး အဆင့်အတန်း၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာအောင် တနိုင်ငံလုံး မသင်မနေရ ပညာရေးစနစ်ကို မူလတန်းပညာရေး စနစ်မှသည် အထက်တန်းပညာရေးစနစ်ဆီသို့ ရောက်အောင် ဝိုင်းဝန်းပြောင်းလဲပေးကြရမှာ။

လူမျိုးဂုဏ်ထယ်မှ နိုင်ငံရဲ့ဂုဏ်ဟာလည်း ထည်လာနိုင်မှာပါ။ ပညာရေးစနစ် ကောင်းမွန်ပါမှ လူမျိုးရော၊ နိုင်ငံပါ ကောင်းမွန်လာမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ရပိုင်ခွင့်တွေ၊ တရားဥပဒေစိုးမိုးမှုတွေ၊ တရားမျှတမှုတွေ ရလာတဲ့အဲဒီနေ့မှာ ဒို့ဟာ "မြန်မာနိုင်ငံသားတွေပါ"လို့ ရင်ကော့ပြီး ဖြေနိုင်ဖို့ပါ။

မြန်မာနိုင်ငံမှာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများ သိပ်ကို နိမ့်ကျနေတာပဲလို့ တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် ပြောသူကို အမျိုးသားရေး စိတ်ဓာတ်ရှိသူများက ဝိုင်းပြီး အပြစ်တင်ကြမှာလား။ အပြစ်တင်သူနဲ့ အပြစ်မြင်သူ။ အတူတူပဲလား။

ဒီနေရာမှာ ပညာရေးအမြင်နဲ့ ပတ်သက်ပြီး တောင်မြို့မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးရဲ့ အတွေးအမြင်ကို တင်ပြပါစေ။ မြန်မာပြည်ဖွား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေကို ကြီးပွားချမ်းသာစေချင်တဲ့ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက တိုင်းသူ



ပြည်သားတွေ လူ့အဆင့်အတန်းတွေ နိမ့်ကျနေရတာဟာ ပညာရေး၊ စီးပွားရေးကြောင့်သာ မဟုတ်ပဲ ပြည်သူ၊ ပြည်သားများ၊ အထူးသဖြင့် အမျိုးသားများ လံ့လဝီရိယတရားများ နည်းပါးနေမှုကြောင့် ဖြစ်ရတာလို့ ထောက်ပြတော်မူတယ်။ ကိုယ်ပိုင်အတွေးနဲ့ ဆင်ခြင်နိုင်ဖို့ပါ။

ဆရာတော်ဘုရားကြီးက - "အမျိုးသားတို့သည် စီးပွားရေးဘက်တွင်သာ အချက်မကျသည် မဟုတ်သေး၊ ပညာရေးဘက်မှာလည်း ဂေဇက်ကို ကြည့်လျှင် ဂုဏ်ထူးဆောင်နှင့် အောင်မြင်သူ နည်းပါးလှသည့်အပြင် အထက်တန်း ပညာရပ်လည်း အခြားလူမျိုးများထက် ရာခိုင်နှုန်း နည်းပါးသည်ဟု ကြားရ၏။

ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အမေက အနွံ့ ညှံ့၍ချည်း မဟုတ်တန်ရာ။ ကျောင်းတော်ကြီးများဝယ် ငွေကုန်ကြေးကျ များစွာခံပြီး နေကြပါလျှက်

www.burmeseclassic.com

www.burmeseclassic.com



ငွေထောက်ပံ့ကြရသော မိဘ အစ်ကို အစ်မတို့ကို မငဲ့ညှာကြဘဲ လုံးလဝီရိယကင်း၍ အပျင်းပေါပြီး ကမြင်းကြောထနေမှုတို့ကြောင့်သာ အများအပြား ဖြစ်တန်ရာ၏”တဲ့။ (ကိုယ်ကျင့်အဘိဓမ္မာ နှာ-၁၃၆-၁၃၇) ဆရာတော်ဘုရားကြီးရဲ့ မေတ္တာ၊ စေတနာများကား အံ့ဩလောက်စရာပါ။ မေတ္တာ၊ စေတနာတို့ရဲ့ တန်ဖိုးမျိုးဆိုတာ တန်းဖိုးသိသူများသာ တန်ဖိုးရှိမှန်း သိနိုင်ကြတယ် မဟုတ်ပါလား။

အမျိုးသားတွေဟာ အမျိုးသမီးတွေလောက် ပညာရေးမှာ မကြိုးစားတာဟာ အမှန်ပါ။ ဥပမာလေးတစ်ခုကို ထုတ်ပြမယ်။ ယခုခေတ် မြန်မာနိုင်ငံတွင် ဆေးကျောင်းတက်ရန် ကျောင်းဝင်ခွင့်အမှတ်ကို သတ်မှတ်ခေါ်ယူရာ၌ ကျောင်းသူများရဲ့ ဆယ်တန်းအောင် ရမှတ်အောက်၊ အမှတ် (၃၀) လျှော့၍ ကျောင်းသားများကို ခေါ်ယူထားကြောင်း ကြားသိရတယ်။



ကိုယ်တိုင်လည်း စုံစမ်းမေးမြန်း ကြည့်တယ်။ ကြားတဲ့အတိုင်းလည်း မှန်နေတာ။ မတူညီတဲ့ အချိုးအစား၊ မမျှတတဲ့ ပညာရေးစနစ်ကို တွေ့နေရသေးတယ်။ ဆိုကြပါစို့။ ဆေးကျောင်းဝင်ခွင့်အမှတ်ကို (ယခုနှစ်၌) ကျောင်းသားများအတွက် အမှတ်ပေါင်း (၄၆၈)ရလျှင် ဆေးကျောင်းသို့ တက်ရောက်နိုင်ခွင့်ရှိပြီး၊ ကျောင်းသူများအတွက်တော့ အမှတ်ပေါင်း (၄၉၈)မှတ်ရမှ ဆေးကျောင်းသို့ တက်ရောက်ခွင့်ရရှိကြတယ်။ နှိုင်းယှဉ်ကြည့်ဖို့နဲ့၊ စဉ်းစားဝေဖန်နိုင်ဖို့ပါ။

ဆရာတော်ဘုရားကြီး ဆက်လက်မိန့်ကြားထားတာက - “(တက္ကသိုလ်)ကျောင်းတော်သို့ ရောက်ကြသည့်အချိန်မှာ အသက် (၂၀)နီးပါး ရှိကြပေလိမ့်မည်။ ထိုမျှလောက် အသက်မကြီးကြသော တပင်ရွှေထီး၊ ဘုရင့်နောင်၊ မင်းရဲကျော်စွာ စသော လူမျိုး၏ ကျက်သရေဆောင် ယှူငယ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားခဲ့သော အမျိုးသားဖြစ်ပါလျက် ငါတို့လက်ထက်မှ အဘယ့်ကြောင့် အပျင်းဘဝ၌ အဖျင်းအအ လုပ်နေကြသနည်း။

ရဲမာန် ရဲသွေး ရဲစိတ်မွေးကာ ရဲဇာနည်စိတ်ထားဖြင့် ရဲရဲတောက်တောက် ကလေးများဖြစ်သင့်ကြသည်မဟုတ်လော" တဲ့။ (ကိုယ်ကျင့်အဘိဓမ္မာ နှာ-၁၃၇) ဆရာတော်ဘုရားကြီး ထောက်ပြထားတဲ့အတိုင်း အရာရာတိုင်းမှာ နိမ့်ကျနေခြင်းဟာ "အမေက အမွေးညံ့၍ချည်း မဟုတ်တန်ရာ" ဆိုတဲ့ အချက်ကလေးကို သတိပြုနိုင်ကြဖို့ပါ။

လူ့ဘဝမှာ အမှန်ကိုပြောပေမဲ့ အမှန်ပြောသူရဲ့ စကားကို လက်ခံသူက လက်မခံနိုင်ဘူးဆိုရင် ကောင်းကျိုးဆိုတာကို ဘယ်မှာဖြစ်လာနိုင်မှာလဲ။ ဆရာတော်ဘုရားကြီးကတော့ စေတနာ အပြည့်နဲ့ အခွင့်အခါသင့်တိုင်း လူတွေကိုရော၊ ရှင်ရဟန်းတွေကိုပါ မိန့်ကြားတော်မူခဲ့တာပဲ။



အလုပ်ကျိုးစားလို့ ကြီးပွား ချမ်းသာသူများကို အပြစ်မြင်နေတာမျိုးထက် ကိုယ့်ဘဝကို ကိုယ်နားလည်အောင်၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်နိုင်အောင် ပြောခဲ့တာပါ။ ဆရာတော်ဘုရားကြီးရဲ့ တိုက်တွန်းချက်တွေဟာ အမျိုးသားရေးအတွက်ဆိုတာ ကြည့်တတ်သူများ မြင်နိုင်ကြမှာပါ။ "ကြည့်သောသူမြင်၏" ဆိုတာ ဒီလိုသဘောမျိုး ဖြစ်မှာပါ။

"လူတို့ဘက်၌သာ ပညာစံချိန် ညံ့သည်မဟုတ်သေး။ သာသနာပညာလည်း အခါအလျောက်အောက်ကျလျက်ပင်။ မှန်၏။ ရှေးက ဘုန်းတော်ကြီးများသည် ရပ်သူနယ်သား လူအများ၏ ဆရာဖြစ်ရုံသာမက မြို့ပြတို့၌လည်း မင်းညီမင်းသား မှူးမတ်သားတို့၏ ဆရာတော်များဖြစ်ကြသည်။ မိမိတို့သည် (ခေတ်)အခါနှင့်လိုက်အောင် ပညာရေးကို ပြုပြင်နိုင်ခဲ့ကြလျှင် ယခုအချိန်မှာလည်း ထိုင်းသူ ပြည်သားတို့၏ ဆရာအဖြစ်၌ တည်နိုင်ဖွယ်ရှိ၏။

www.burmeseclassic.com



ယခုသော်ကား ထိုကဲ့သို့ မပြုမပြင်နိုင်ကြမှုကြောင့် ဆရာအဖြစ်မှပင် လျှောကျရုံသာမက တချို့ကျေးရွာကျောင်း၊ ရွာကျောင်းများ၌ ဆွမ်းခံပေးမည့် ကလေးပင် မရှိတော့ချေ။ ဤအချက်ကား မြန်မာနိုင်ငံအတွက် သာသနာရေး အသက်ငင်နေခြင်းပင် ဖြစ်တော့သည်။

ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရလျှင် ကိုယ့်အထုပ် ကိုယ်ဖြေပြရာ ရောက်မည်ဖြစ်၍ မရှင်းလင်းလိုတော့ပါ။ ဤသို့ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည်တို့ဖြင့် အဘက်ဘက်က အောက်ကျနောက်ကျ ဖြစ်ကြရခြင်းမှာ လုံ့လဝီရိယကင်း၍ အပျင်းများမှုကြောင့်ဖြစ်သည်”ဟု မိန့်မှာတော်မူခဲ့တယ်။ (ကိုယ်ကျင့်အဘိဓမ္မာ နှာ ၁၃၇-၁၃၈)

ရဟန်းသံဃာတော်များသည် တိုင်းသူပြည်သားတို့၏ ဆရာအဖြစ် ရပ်တည်နိုင်ရေးအတွက်



ပြုလုပ်သင့်တဲ့ အရာတွေထဲမှာ ဘယ်အရာက ပို အရေးကြီးနေပြီလဲဆိုတာ လေးလေးနက်နက် စဉ်းစားနိုင်ကြဖို့ပါ။

ဆရာတော်ဘုရားကြီးရဲ့အမြင်မှာ ရဟန်းရှင် လူများအားလုံး လုံ့လဝီရိယများ တိုးမြှင့်ပေးကြဖို့ အမျိုးသားရေးအမြင်နဲ့ တိုက်တွန်းနှိုးဆော်ခဲ့တာပါ။ အမျိုးသားရေးစိတ်ဓာတ်ဆိုတာ အပြောတစ်ခုတည်းနဲ့ မလုံလောက်သလို၊ အလုပ် တစ်ခုတည်းနဲ့လည်း မလုံလောက်နိုင်ပါ။

ပြည်သူ၊ ပြည်သားများရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးခြင်း၊ အကျိုးပြုလုပ်ငန်းတွေကိုလည်း စွမ်းနိုင်သမျှ ပူးပေါင်းလုပ်ဆောင်ပေးခြင်း-စတဲ့ လက်တွေ့ကျတဲ့ အကျိုးပြုလုပ်ငန်းတွေကို တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမှာ။ အမျိုးသားရေးဆိုတာ နက်ရှိုင်းတဲ့ သမုဒ္ဒရာပြင်ကြီးလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ လူ့ပတ်ဝန်းကျင်။ မျှတမှုမရှိတဲ့ လူနေမှုဘဝ။ အမြင်မတူတဲ့အတွေးများ။ လူအချင်းချင်း မာနတွေကလည်း မိုးထိနီးပါး မြင့်မား။ အမြင်မတူလို့ ဝေးကြမယ်ဆိုရင်လည်း "ဝေးစမ်းပါစေ မိုင်ပေါင်းကုဋေ" ဆိုတဲ့ လူမျိုး။ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားနိုင်ကြမှာလဲ။ ဘယ်သူတွေက ကျော်လွှားနိုင်အောင် ကူညီပေးကြမှာလဲ။ တွေးရင်း တောရင်း "စုံပုဝါ ဘယ်ညာချ" နိုင်ဖို့အရေး စုပေါင်းပြီး စဉ်းစားပေးကြပါ-လို့ တိုက်တွန်းနှိုးဆော်ရင်း တွေးလက်စ အတွေးများကို ရပ်နားပါရစေ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ...။

ဘိက္ခုဓမ္မပိယ (USA)

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအရှင်ဓမ္မပိယ(ပါဠိမဟာကွ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

# ပန်းမသီနိုင်တဲ့ ကြိုး

BURMESE CLASSIC .com

လူ့ဘာဝဆိုတာ ပန်းသီတဲ့ ကြိုးလိုပဲ။
ကြိုးဟာ ကြိုးချည်းသက်သက်ဆိုရင်
တန်ဘိုး မထိုက်လှပေမယ့်
ကြိုးမှာ ပန်းသီထားနိုင်ပြီဆိုရင်တော့
ပိုပြီး တင့်တယ်လာတယ်။
လူအများကလည်း ပိုပြီး နှစ်မြို့က်လာတယ်။
ပိုပြီး သဘောကျလာတယ်။
ဒါဟာ သဘာဝတရားပဲ။

www.burmeseclassic.com